ညောင်ပင်သာကျေးရွာအုပ်စု၊ ဘုံတိုကျေးရွာ

ချောင်းဦးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈-၂၀၁၉)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဘုံတိုကျေးရွာ၊ ချောင်းဦးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဧပြီ လ

မာတိကာ

မာတိကာ ၁

စကားချီး ၃

ကျေးရွာသယံဇာတပြဓေမြေပုံ ၄

ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်

အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်
ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ၅

(က) နိဒါန်း

(ခ) ရည်ရွယ်ချက် နှင့် စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၁။ တည်နေရာနှင့်ပထဝီအနေအထား ၆

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၆

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ ၆

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၇

၅။ အခြေခံအဆောင်အဦးနှင့်ဝန်ဆောင်မှုများ ၈

၆။ ပညာရေး ၈

၇။ ကျန်းမာရေး ၉

၈။ ဘေးအန္တရာယ်ထိခိုက်မှုများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ၉

၉။ ကျား-မ ရေးရာ ၁၀

၁၀။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၁

နောက်ဆက်တွဲဇယားများ ၁၁

အပိုင်း(၂)စီမံချက်ဆိုင်ရာအချက်အလက် ၁၃-၁၅

ကော်မတီဝင်များစာရင်း ၁၈

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မှ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် အထိ(၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ/ ကျေးရွာသားများ ပူးပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦး အနေဖြင့်စီမံချက် ဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိမိတို့ကျေးရွာအား ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်နိုင်ရန် ပူးပေါင်းညှိနှိုင်း ရွေးချယ်ပေးခဲ့ကြပါသော လွတ်တော်ကိုယ်စားများ အသီးသီး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နှင့် ကော်မတီဝင် များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့်သက်ဆိုင်သည့် ဒေသန္တရ အရေးကြီး အချက်အလက်များ နှင့် အကြံဉာဏ်များကို တက်ကြွစွာ ကူညီပံ့ပိုးပေးကြပါသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို အစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြသည့်နည်းလမ်းအတွက် ကူညီပံ့ပိုးပေးမည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ဦးဆောင်၍ သင်တန်းပို့ချ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း အချက်အလက်များ နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ အကူအညီရယူရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။


ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(၁)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေ နှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အဓိကဖော်ပြထားပြီးအပိုင်း(၂)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။


ကျေးရွာဖွံ့ဖြိုးရေးကော်မတီတိုကျေးရွာ၊ချောင်းဦးမြို့နယ်

ရက်စွဲ၊၂၀၁၉ ခုနှစ်၊ဧပြီ လ( )ရက်

ဘုံတိုကျေးရွာ သယံဇာတပြမြေပုံနှင့် ရာသီခွင်ပြ ပြက္ခဒိန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်





အပိုင်း(၁) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ နှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

(က) နိဒါန်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်ဖြစ်ကြောင်း သိရှိရပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်၍ ရေးဆွဲ ပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက် အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိသည့်အပြင် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက် များရယူရန် နှင့် ဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာ များရရှိရန် အရေးကြီး ကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေး နှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေ ရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များ နှင့် အဟန့်အတား ဖြစ်စေသော အချက်များအပေါ် အခြေခံ၍ (၅)နှစ်တာ ကာလအတွင်း ဆောင်ရွက်လိုသည့် ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေ နှင့် ဆောင်ရွက်မည့် စီမံချက်များကိုဖော်ထုတ်၍ အစိုးရ ဌာနများ၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ သတင်း နှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်း ဆောင်ရွက်ခြင်းဖြစ်ပါသည်။

(ခ) ရည်ရွယ်ချက်

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်ပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ဘုံတိုကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ် မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁။ တည်နေရာနှင့် ပထဝီအနေအထား

ဘုံတိုကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်အတွင်း အမြင့်-ရွှေဒါးကျလမ်းမကြီးပေါ်တွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာချောင်းဦးမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ မြေပြန့်ဒေသတွင် တည်ရှိပြီး ချင်းတွင်းမြစ်ကမ်း နံဘေးရွာဖြစ်၍ နှံးတင်မြေနုလယ်မြေများတွင် မြေအောက်ရေနှင့် မြစ်ချောင်းရေကိုစိုက်ပျိုးရေအဖြစ် လွယ်ကူစွာ အသုံး ပြုနိုင် ပါသည်။

၂။ ရာသီဥတု နှင့် သဘာဝအရင်းအမြစ်များ

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်ပါသည်။ တစ်နှစ်ပျှမ်းမျှမိုးရေချိန် လက်မ(၃၀) နှင့် လက်မ(၄၀) ကြားရှိပါသည်။ စိုက်ပျိုးမြေဧက(၂၂၁.၀၄)ဧကခန့်ရှိပြီး CP ပြောင်းဖူး၊ကုလားပဲ၊ခရမ်းချဉ်၊မြေပဲနှင့်ပဲကြားသီးနှံများ အဓိက စိုက်ပျိုးပါသည်။ သဘာဝပေါက်ပင်များမှာ တမာ၊မန်ကျည်း၊ကုက္ကိုလ်ပင်များပေါက်ရောက်ပါသည်။သဘာဝ တိရစ္ဆာန်မျိုးစိတ် ရရှိနိုင်မှုနည်းပါးပြီး အဓိကခိုင်းနွားနှင့်ကျွဲတိရိစ္ဆာန်များအတွက် အစာများ ဖြစ်သည့် ပဲရိုး၊မြက်တို့ကိုလွယ်ကူစွာရရှိနိုင်၍ စားကျက်မြေသီးသန့်မြေမရှိပါ။ ဆေးဘက်ဝင် အပင်များမှာ သာမန်အတွေ့ရများသော အပင်များသာ ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုဝင်ပေါင်း(၁၀၈)ရှိပြီး၊ စုစုပေါင်းလူဦးရေ(၄၆၄)ဦး၊ ကျား(၂၀၈)ဦး၊မ(၂၅၆)ဦး မှီတင်းနေထိုင်ကြပါသည်။ ကျေးရွာရှိ လူဦးရေတွင် အလုပ်လုပ်နိုင်သူ အသက်(၁၅)နှစ်မှ(၆၄)နှစ်အတွင်း လူဦးရေ (၃၀၉)ဦးရှိပါသည်။

(ခ) စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၆)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ(၂)ဖွဲ့ ရှိပါသည်။ ယင်းအဖွဲ့အစည်းများအနက်အမျိုးသမီးရေးရာအဖွဲ့နှင့် ကာလသားအဖွဲ့များမှ ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လှုပ်ရှားဆောင်ရွက်မှုများရှိပြီး ကျေးရွာ၏ လူမှုရေး၊ ဘာသာရေးကိစ္စတို့တွင်လည်း ချက်ပြုတ် ကျွေးမွေးရေး လုပ်ငန်းများကို တာဝန်ခွဲဝေ ဆောင်ရွက်ကြသည်။ ၎င်းအပြင် အမျိုးသမီးရေးရာနှင့် လူငယ်အဖွဲ့ အနေဖြင့် ကျေးရွာ၏ စိုက်ပျိုးရေး၊ စီးပွါးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ချေးငွေရရှိရေး ဆောင်ရွက် ပေးခြင်း များရှိပြီး၊ ကျေးရွာသူ/ကျေးရွာသားများ မှာလည်း ညီညွတ်စွာပူးပေါင်းပါဝင် ဆောင်ရွက်လျှက် ရှိကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) စီးပွားရေးအခြေအနေ

အဓိကဝင်ငွေရလုပ်ငန်းသည်စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး ဝင်ငွေ အနေအထား မှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ (၃၁%)သည် အလွန်မပြေလည် သောအိမ်ထောင်စုများဖြစ်ကြပြီး၊(၅၁%)သည် မပြေလည်သော အိမ်ထောင်စု(၁၄%)သည် အလယ်အလတ် ရှိသော အိမ်ထောင်စု နှင့် (၄%)သောအိမ်ထောင်စုသည် ချမ်းသာသော အဆင့်ရှိကြပါသည်။အိမ်ထောင်စုများသည် မြေယာမဲ့များဖြစ်ပြီး လက်လုပ်လက်စား များသာဖြစ်ကြပါသည်။

(ခ) စိုက်ပျိုးနိုင်သည့် မြေရိယာ

ကျေးရွာတွင် လယ်ယာပိုင်ဆိုင်မှုအနေဖြင့်ကိုင်းကျွန်းမြေအမျိုးအစားဖြစ်ပြီး မြေအောက်ရေ တို့ဖြင့်စိုက်ပျိုးနိုင်ခြင်းကြောင့် စိုက်ပျိုးရေးအနေအထား ကောင်းပါသည်။ ကျေးရွာ တွင်စိုက်ပျိုး နိုင်သော ကိုင်းကျွန်းမြေကေပါင်း(၂၂၁.၀၄)ရှိပြီး CP ပြောင်းဖူး၊ကုလားပဲ၊ခရမ်းချဉ်၊ မြေပဲနှင့် ပဲကြားသီးနှံများ စိုက်ပျိုးကြပါသည်။

(ဂ) အဓိကသီးနှံများနှင့် အထွက်နှုန်း

ကျေးရွာ၏ အဓိကသီးနှံများမှာ CP ပြောင်းဖူး ၊ကုလားပဲ၊ခရမ်းချဉ်၊မြေပဲနှင့်ပဲကြားသီးနှံများ စိုက်ပျိုးခြင်း များ လုပ်ကိုင် ကြပါသည်။ အဓိက CP ပြောင်းဖူး မှာ တစ်ဧကလျှင် အနည်းဆုံး(၄၀)တင်း၊ အများဆုံး (၁၀၀)တင်းနှင့် ပျှမ်းမျှ

(၆၅)တင်းထွက်ရှိသည်။ကုလားပဲတစ်ဧကလျှင် အနည်းဆုံး (၁၀) တင်း၊ အများဆုံး(၃၀)တင်းနှင့် ပျှမ်းမျှ (၁၅)တင်းထွက်ရှိသည်။ခရမ်းချဉ်တစ်ဧကလျှင် အနည်းဆုံး (၁၀၀၀)ပိဿာ၊ အများဆုံး(၇၀၀၀)ပိဿာနှင့် ပျှမ်းမျှ (၃၀၀၀)ပိဿာထွက်ရှိသည်။ မြေပဲ တစ်ဧကလျှင် အနည်းဆုံး(၁၅)တင်း၊ အများဆုံး(၂၅)တင်းနှင့် ပျှမ်းမျှ (၂၀)တင်းထွက်ရှိသည်။ ဂျုံတစ်ဧကလျှင် အနည်းဆုံး(၂၀)တင်း၊ အများဆုံး(၆၀)တင်းနှင့် ပျှမ်းမျှ (၄၀)တင်းထွက်ရှိသည်။ ပဲကြားတစ်ဧကလျှင် အနည်းဆုံး(၁၀)တင်း၊ အများဆုံး(၂၅)တင်းနှင့် ပျှမ်းမျှ (၁၄)တင်းထွက်ရှိသည်။

(ဃ) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

ကျေးရွာတွင် နို့စားနှင့် အသားစားကျွဲ/နွားမွေးမြူထားခြင်းမရှိပါသော်လည်းခိုင်းနွားအဖြစ် မွေးမြူသောအိမ်ထောင်စု(၄၆)စုရှိပြီး ဝက်၊ကြက်၊တစ်ပိုင်တစ်နိုင်မွေးမြူသော မိသားစုအနည်းငယ် မျှသာရှိပါသည်။ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက် ခြင်းမရှိပါ။

(င) စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွါးရေးလုပ်ငန်းများ

ဘုံတိုကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် စိုက်ပျိုးရေး နေ့စားလုပ်သားများ၊ လက်သမား၊ပန်းရံလုပ်သားများ၊ဈေးရောင်း၊အစိုးရဝန်ထမ်းတို့ ဖြစ်ကြသည်။ဈေးဆိုင်လုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု(၆)ဦးရှိပြီး၊မိသားစုဝင်(၇)ဦးဖြင့်လည်း ကောင်းပညာရေးနှင့် ကျန်းမာရေးဝန်ထမ်း(၁၀)ဦးရှိပြီး၊ ရပ်တည်နိုင်မှု အနေဖြင့် အလယ်အလတ်အဆင့်တွင်ရှိပါသည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(က) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက် လက်လှမ်းမီမှုအခြေအနေ

ဘုံတိုကျေးရွာသည် အမြင့်-ရွှေဒါးကျလမ်းဘေးတွင် တည်ရှိပြီး လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်ပါသည်။ဘုံတိုကျေးရွာ နှင့်အနီးဆုံးဈေးမှာ(၂)မိုင်ခန့်ဝေးသည့်အမြင့်ဈေးဖြစ်ပြီး စားသောက်ကုန် အတွက်အလွယ်တကူနှင့်ဝယ်ယူရရှိနိုင်ပါသည်။(၆)မိုင်ခန့် ကွာဝေးသော ချောင်းဦး ဈေး သို့လည်းသွားရောက်ဝယ်ယူနိုင်ပါသည်။အကြီးစားဈေးကွက်ဖြစ်သည့် မုံရွာ မြို့နှင့် လည်း(၇)မိုင်ခန့်ကွာဝေးပြီးလွယ်ကူစွာသွားလာနိုင်သဖြင့်ဈေးကွက်ဝန်ဆောင်မှုကောင်းမွန်ပါသည်။

(ခ) လမ်း၊တံတား၊သယ်ယူပို့ဆောင်ရေး၊လျှပ်စစ်မီး၊ဆက်သွယ်ရေးနှင့်သတင်း

ဘုံတိုကျေးရွာ၏ ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး၊ မိုးရာသီတွင် သွားလာရ ခက်ခဲပါသဖြင့် လမ်းအဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ လမ်းပန်း ဆက်သွယ်ရေးအတွက်

စက်ဘီး (၉၀)စီး၊ မော်တော် ဆိုင်ကယ်(၁၀၉)စီး၊ ထော်လာကျီ (၆)စီး၊ နွားလှည်း(၁၉)စီး ၊လှေ(၈၃)စီး အသုံးပြုလျှက် ရှိပါသည်။

မဟာဓါတ်အားလိုင်း သွယ်တန်းရရှိပြီးဖြစ်သဖြင့် လျှပ်စစ်မီးသုံးစွဲနိုင်သော အိမ်ထောင်စုမှာ တစ်ရွာလုံးအနေဖြင့် (၅၁)သာသုံးစွဲနိုင်ကြပြီးတစ်အိမ်သုံးဆိုလာစနစ်သုံးစွဲသော အိမ်ထောင်စု (၂၉)နှင့်ဒီဇယ်အင်ဂျင်အသုံးပြုနိုင်သော အိမ်ထောင်စု(၂၈)သောအိမ်ထောင်စုရှိသည် ။

ကျေးရွာရှိ အိမ်တိုင်းသည်လက်ကိုင်ဖုန်းများအသုံးပြုနေကြပြီးဖြစ်ပါသည်။ အင်တာနက် အသုံးပြုနိုင်မှုမှာအားကောင်းပြီးအခြားသတင်း အချက်အလက်များအတွက် ရေဒီယို၊ တီဗွီ၊ စလောင်းများ တပ်ဆင်ထား သဖြင့် ဆက်သွယ်ရေး ကောင်းမွန်ကြောင်းတွေ့ရပါသည်။

၆။ ပညာရေး

ကျေးရွာတွင် မူလတန်းကျောင်းသားပေါင်း(၃၉)ဦး၊ အလယ်တန်း ကျောင်းသားပေါင်း (၃၃)ဦး၊ အထက်တန်း ကျောင်းသား(၁၉)ဦးနှင့်တက္ကသိုလ်၊ ကောလိပ်ကျောင်းသား(၁၀)ဦးရှိပြီး မူလတန်း ကျောင်းသူ/သားများမှာ ကျေးရွာရှိမူလတန်းကျောင်းတွင် တက်ရောက်ပြီး အထက်တန်းကျောင်းသူ/သားများမှာအမြင့်နှင့်ချောင်းဦးကျောင်းသို့တက်ရောက်ကြပါသည်.။

ကျေးရွာတွင်ကျောင်းဆောင်(၆၀'×၃၀')(၃)ဆောင်ရှိပြီး ကျောင်းဆောင်များမှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသည်။ကျောင်းတွင်ဆရာ/မစုစုပေါင်း(၄)ဦးရှိပြီး အင်အားလုံလောက်မှု ရှိပါသည်။ ကျောင်းတွင်အားကစားဆိုင်ရာပစ္စည်းများလက်လှမ်းမှီမှုနည်းပါးပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ဘုံတိုကျေးရွာအနေဖြင့် ဝမ်းပျက်ဝမ်းလျော ရောဂါ၊ရာသီတုပ်ကွေး ရောဂါများရာသီ အလိုက်ဖြစ်ပွာတတ်ပြီး အသက်(၄၀)ကျော်အရွယ်များမှာသွေးတိုးရောဂါဖြစ်ပွားမှုများပါသည်။ အခြား ရောဂါ များ ဖြစ်သော အသက်ရှူလမ်းကြောင်း၊ကူးစက်ရောဂါ၊ အသည်းရောဂါ (ဘီ၊စီ)HIV,AIDS ရောဂါများ၊အခြားကူးစက်ရောဂါများမတွေ့ရှိရပါ။

ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။ကျေးရွာတွင် ကျန်းမာရေးမကောင်းပါက ညောင်ဖြူပင်တိုက်နယ်၊အမြင့်တိုက်နယ်ဆေးရုံရှိပြီး ကိုယ် ဝန်ဆောင် မိခင်များ နှင့် ကလေး ငယ်များ အတွက် လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါ သည်။အရေးပေါ်အခြေအနေ ဖြစ် ပါက ချောင်းဦးမြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြပါသည်။

သောက်သုံးရေအတွက်မြေအောက်ရေ၊အဝီစိစက်တက်၊တုံကင်တွင်းများ၊ မိုးရေလှောင်ကန်များအသုံးပြုကြပါသည်။ဝါဆိုဝါခေါင်ရေကြီးတတ်သောလများတွင်သောက်သုံးရေအရင်းအမြစ်များသို့ မကောင်းသောရေဆိုးများ ဝင်ရောက်ခြင်းကြောင်းသောက်သုံးရေခက်ခဲမှုရှိပါသည်။

ကျေးရွာတွင် အိမ်ထောင်စု(၁၀၈)စုရှိပြီး၊ယင်လုံအိမ်သာ(၁၀၈)လုံး ရှိပါသည်။တစ်ရွာလုံးယင်လုံအိမ်သာ သုံးစွဲမှု ကြောင့် ကူးစက်ရောဂါ ဖြစ်ပွားမှုနည်းပါးသည်။ စာသင်ကျောင်းတွင်လည်းယင်လုံအိမ်သာရှိ သဖြင့် ကျောင်းသား /သူ များအတွက် အသုံးပြုရန်လွယ်ကူသည်။

၈။ ဘေးအန္တရာယ်ထိခိုက်မှုများနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဘုံတိုကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုအသင့်အတင့်ှုအနေ အထားတွေ့ရှိရပါသည်။ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စု မှာ (၃၁%)ရှိပြီး ရာသီအလိုက်စိုက်ပျိုးရေးလုပ်ငန်းများတွင်စိုက်ပျိုးရေးလုပ်သားအဖြစ် အဓိက ဝင်ရောက်လုပ်ကိုင်ကြပါသည်။အကြွေးတင်ရှိမှုရှိသော အိမ်ထောင် စုအချို့ရှိပြီး ချေးငွေအများစုကို NGO အဖွဲ့အစည်းမှ ထုတ်ချေးကြပါသည်။ တောင်သူများမှာလည်း မြန့်မာလယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့်သမဝါယမအသင်းတို့မ ှချေးငွေများ ချေးယူကြပါသည်။ ချေးငွေများကိုစားသုံးရန် ကျမ်းမာရေး၊ ပညာရေး၊စိုက်ပျိုးရေးစရိတ် တို့အတွက် သုံးပြုပါသည်.။

မိုးများသောနှစ်များတွင်ချင်းတွင်းမြစ်ရေကြီးပြီးသီးနှံများပျက်စီးဆုံးရှုံးမှုများတွေ့ရပါသည်။ အချို့နှစ်များတွင် ရာသီဥ တုဖောင်ပြန်မှုကြောင့်လည်း မိုးခေါင်ခြင်းများ ကြုံတွေ့ရပါ သည်။ စိုက်ပျိုးမြေဆီလွှာပျက်စီးမှုနည်းပါးပါသည်။ စိုက်ပျိုးပင်မျိုးစိတ်များကို အလွယ်တကူဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေရှိမှုမှာ မြေအောက်ရေမှ အလွယ်တကူရရှိနိုင်ပါသည်။.သောက်သုံးရေမှာဝါဆိုဝါခေါင်၊တော်သလင်းလများတွင်မြစ်ရေဝင်ရောက်တက်သောကြောင့်သောက်သုံးရေ ခက်ခဲ မှုရှိပါသည်။ တိရိစ္ဆာန်များတွင် ကူးစက်ရောဂါကျရောက်မှု အခြေအနေမှာ ကဆုန်၊နယုန်လများတွင်တွေ့ရှိရပါသည်။ သစ်တောပြုန်းတီးခြင်းအသင့် အတင့်ဖြစ်ပေါ် လေ့ရှိပါသည်။

၉။ ကျား-မ ရေးရာ

ဘုံတိုကျေးရွာတွင် ကျား-မရေးရာဆက်နွယ်မှု အနေအထားမှာ ခွဲခြားဆက်ဆံမှုမရှိပါ။ ကျား-မဆိုင်ရာ တာဝန်ယူမှုများကို သတ်မှတ်ထားကြပြီး ကျား-မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု ကိစ္စများ မရှိပါ။ ပညာရေးနှင့် အခြားနယ်ပယ်များတွင်လည်း အခွင့်အရေးတန်းတူညီစွာ ရရှိပြီး အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှု လျော့နည်းသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင်အမျိုးသမီး များ ပါဝင်လုပ်ကိုင်ကြပါသည်။ ကျား-မ တန်းတူ

ညီမှုနှင့်ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင် ဆောင်ရွက်ပေးခြင်းအားဖြင့် ကျား-မ တန်းတူ ညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်စေနိုင်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်း ခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/သားအုပ်စု (၅) စု၊ (က)ရပ်မိရပ်ဖအုပ်စု၊(ခ)တောင်သူအုပ်စု၊ (ဂ)စိုက်ပျိုးမွေးမြူရေး မဟုတ်သောအုပ်စု၊ (ဃ)အမျိုးသမီး အုပ်စု၊(င)လူငယ်အုပ်စု စသည့်အုပ်စု(၅)စုမှ စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ၊ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

စီမံချက်	အကဲဖြတ်အမှတ်ပေးသူ (၁)	အကဲဖြတ်အမှတ်ပေးသူ (၂)	အကဲဖြတ်အမှတ်ပေးသူ (၃)	အကဲဖြတ်အမှတ်ပေးသူ (၄)	အကဲဖြတ်အမှတ်ပေးသူ (၅)	ရမှတ်ပေါင်း	ဦးစားပေးအဆင့်
၁။ ကျေးရွာအဝင်နှင့်ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁၀	၁၀	၁၀	၁၀	၉	၄၉	၁
၂။ ကျေးရွာဆေးပေးခန်း	၁၀	၁၀	၈	၉	၉	၄၆	၂
၃။သောက်ရေသန့်စက်	၁၀	၉	၉	၈	၁၀	၄၆	၂
၄။ KG ကျောင်းဆောင်	၁၀	၈	၁၀	၉	၇	၄၄	၃
၅။ စာသင်ကျောင်းအုတ်တံတိုင်းကာရံခြင်း	၈	၈	၁၀	၇	၉	၄၄	၃

၆။ စာကြည့်တိုက်	၉	၈	၉	၇	၇	၄၀	၄
၇။ကျန်းမာရေးကား	၈	၉	၇	၅	၈	၃၇	၅

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့်ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်-

စီမံကိန်း	**ဦးစားပေး အဆင့်**	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁။ ကျေးအဝင်နှင့်ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း	၁	✔	✔	-	-	-
၂။ကျေးရွာဆေးပေးခန်း	၂	-	✔	-	-	-
၃။သောက်ရေသန့်စက်	၂	-	-	✔	-	-
၄။ KG ကျောင်းဆောင်	၃	-	-	✔	-	-
၅။ စာသင်ကျောင်းဆောင် အုတ်တံတိုင်း ကာရန်ခြင်း	၃	-	-	-	✔	-
၆။ စာကြည့်တိုက်	၆	-	-	-	✔	-
၇။ကျန်းမာရေးကား	၅	-	-	-	-	✔

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ညောင်ပင်သာကျေးရွာအုပ်စု၊ ဘုံတိုကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

နောက်ဆက်တွဲ (၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း များ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	ကျေးရွာရွာတွင်းရှိရွာလယ်လမ်းမကြီး ပျက်စီးခြင်း	ကျေးရွာတွင်းလမ်းများသည် မြေသားလမ်း ဖြစ်၍ မိုးရာသီတွင် ရွံ့စေးရွံ့ဗွက်များကြောင့် ကျေးရွာနေပြည်သူများနှင့် ကျောင်းသူ/သားများ သွားလာ ရာတွင် ခက်ခဲခြင်း	ကျေးရွာသူ/သားများ စုပေါင်း၍ လုပ်ငန်းအတွက် လိုအပ်သောလုပ်အားနှင့်ငွေကြေးပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်း။	ကျေးရွာတွင် လုံလောက်သော မတည် ရန်ပုံငွေ မရှိခြင်း။	ကျေးရွာရှိလမ်းများအားမြေသားလမ်းမှကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ခြင်း။	ကျေးရွာရှိလမ်းများ အားကွန်ကရစ်လမ်းခင်းခြင်း(၃၀၀'×၁၆'×၆")နှင့် ၂×(၉၅၀'×၂'–၆"×၆")
၂	ကျေးရွာတွင်ကျန်းမာရေးဆေးပေးခန်း မရှိခြင်း	ကျေးရွာရှိရွာသူ/သားများ ကျန်းမာရေးမကောင်းဖြစ်ပါက အခြားရွာများသို့ သွားရောက်ကုသရခြင်းနှင့်	ကျေးရွာသူ/သားများစုပေါင်း၍ လုပ်ငန်းအတွက် လိုအပ်သော	ကျေးရွာတွင် လုံလောက်သော မတည်ရန်ပုံငွေ မရှိခြင်း။	ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ခြင်း။	ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ခြင်း။

		ကိုယ်ဝန်ဆောင်မိခင်များ သွားလာရ ခက်ခဲခြင်း	လုပ်အားနှင့် ငွေကြေးပူးပေါင်း ပါဝင်ဆောင်ရွက် နိုင်ခြင်း။			
၃	မြစ်ရေကြီးချိန်တွင် သောက်သုံးရေ မသန့် ရှင်းခြင်း	မိုးရာသီ နှင့် မြစ်ရေဝင်ချိန်တို့ တွင် သောက်သုံးရေများ မသန့်ရှင်း၍ ဝမ်းပျက်ဝမ်း လျောရောဂါ များဖြစ် ပွား ခြင်း။	ကျေးရွာသူ/သား များစုပေါင်း၍ လုပ်ငန်းအတွက် လိုအပ်သောလုပ် အားနှင့် ငွေကြေး ပူးပေါင်းပါဝင် ဆောင်ရွက်နိုင် ခြင်း။	ကျေးရွာတွင် လုံလောက်သော မတည်ရန်ပုံငွေ မရှိခြင်း။	သောက်ရေသန့်စက် တည်ထောင်ခြင်း။	သောက်ရေသန့်စက် တည်ထောင်ခြင်း။
၄	KG ကျောင်းဆောင် သီးသန့်မရှိခြင်း	ကျေးရွာရှိ မူလတန်းကျောင်း တွင် ကျောင်းဆောင်(၁) ဆောင်သာရှိ၍ သင်ကြားရေး တွင် အခက်အခဲဖြစ်ခြင်း။	ကျေးရွာသူ/သား များစုပေါင်း၍ လုပ်ငန်းအတွက် လိုအပ်သောလုပ် အားနှင့် ငွေကြေး ပူးပေါင်းပါဝင် ဆောင်ရွက်နိုင် ခြင်း။	ကျေးရွာတွင် လုံလောက်သော မတည်ရန်ပုံငွေ မရှိခြင်း။	KG ကျောင်းဆောင် ဆောက်လုပ်ခြင်း။	KG ကျောင်းဆောင် ဆောက်လုပ်ခြင်း။

၅	ကျေးရွာ စာသင်ကျောင်းဝန်းမလုံခြုံခြင်း	ကျေးရွာစာသင်ကျောင်းအုတ်တံတိုင်းခတ်ရန်မုဒိဠိသာပြုလုပ်ပြီး၍ ကျောင်ဝန်းမလုံခြုံသဖြင့် ကျွဲ၊နွားများဝင်ရောက်ခြင်း။	ကျေးရွာသူ/သားများ စုပေါင်း၍ လုပ်ငန်းအတွက် လိုအပ်သောလုပ်အားနှင့် ငွေကြေးပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်ခြင်း။	ကျေးရွာတွင် လုံလောက်သော မတည်ရန်ပုံငွေ မရှိခြင်း။	စာသင်ကျောင်း အုတ်တံတိုင်းကာရံ ခြင်း။	စာသင်ကျောင်း အုတ်တံတိုင်းကာရံ ခြင်း။
၆	ကျေးရွာသူ/သားများ အသိပညာနည်းပါးခြင်း	ကျေးရွာတွင်စာပေဗဟုတလေ့လာရန် စာကြည့်တိုက် မရှိခြင်းကြောင့် ရွာသူ/ သားများ အသိပညာနည်းပါးခြင်း။	ကျေးရွာသူ/သားများ စုပေါင်း၍ လုပ်ငန်းအတွက် လိုအပ်သောလုပ်အားနှင့် ငွေကြေးပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်ခြင်း။	ကျေးရွာတွင် လုံလောက်သော မတည်ရန်ပုံငွေ မရှိခြင်း။	စာကြည့်တိုက်တည်ဆောက်ခြင်း။	စာကြည့်တိုက်တည်ဆောက်ခြင်း။

၇	ကျေးရွာတွင်ကျန်းမာရေးအရေးပေါ်အခြေအနေ ဖြစ်ပါက ကျန်းမာရေးယာဉ် မရှိခြင်း။	ကျေးရွာတွင်ကျန်းမာရေးအေးပေါ်အခြေအနေ ဖြစ်ပါက မြို့နယ်ဆေးရုံသို့ အချိန်မှီ သွားရောက်ကုသနိုင်ရန် ကျန်းမာရေးယာဉ် မရှိခြင်း။	ကျေးရွာမှ ငွေကြေး အချို့ ပါဝင်နိုင်ခြင်း။	ကျေးရွာရန်ပုံငွေမရှိခြင်း။	ကျန်းမာရေးကား ဝယ်ယူခြင်း။	ကျန်းမာရေးကား ဝယ်ယူခြင်း။

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- ဘုံတိုကျေးရွာ
ကျေးရွာအုပ်စု	- ညောင်ပင်သာကျေးရွာအုပ်စု
မြို့နယ်	- ချောင်းဦးမြို့နယ်
တိုင်းဒေသကြီး/ပြည်နယ်	- စစ်ကိုင်းတိုင်းဒေသကြီး
စီမံချက်အမည် - ကျေးရွာ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း (၃၀၀'×၁၆' ×၆") နှင့် ၂× (၉၅၀'× ၂'-၆" ×၆")	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ - လက်ရှိကျေးရွာ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပါသည်။ - မိုးရာသီတွင် ရွံ့စေး၊ရွံ့ဗွက်များကြောင့် သွားလာရေးခက်ခဲနေပါသည်။ - မိုးရာသီတွင် ပညာသင်ကြားနေကြသော ကျောင်းသား/သူများ၏ ကျောင်းသွားရာတွင် ခက်ခဲခြင်း၊ - ကျန်းမာရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုယာဉ်များ ခက်ခဲစွာ ဝင်ထွက်သွားလာနေရခြင်း။ - မိုးရာသီတွင် စိုက်ပျိုးသီးနှံများသယ်ယူပို့ဆောင်ရာ၌ ကား/ထော်လာကျီများ သွားလာရာတွင် ခက်ခဲနေပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) - မိုးရာသီတွင်သာမက ရာသီမရွေး ကျေးရွာတွင်းသွားလာရလွယ်ကူစေရန်။ - မိုးရာသီတွင်လည်း စိုက်ပျိုးသီးနှံများအားစျေးကွက်သို့အချိန်မီသယ်ယူရောင်းချနိုင်မည်ဖြစ်၍ သီးနှံစျေးကွက်နောက်ကျခြင်းများမရှိစေရန်။ - ပညာသင်ကြားနေကြသောကျောင်းသားသူများ၏ကျောင်းသွားရာတွင် အခက်အခဲများမရှိစေခြင်းဖြင့် ပညာရေးနှောင့်နှေးမှုမရှိစေရန်။ - ကျန်းမာရေးစောင့်ရှောက်မှုယာဉ်များ ရာသီမရွေးသွားလာနိုင်ရန်။	

မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိရလာမည့်အကျိုးကျေးဇူးများ) - လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာမည်ဖြစ်ပါသဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်) - ကျေးရွာ ရွာတွင်းလမ်းအားကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း(၃၀၀'×၁၆' ×၆") နှင့် ၂× (၉၅၀'× ၂'-၆" ×၆") ဆောင်ရွက်ပါမည်။ - လုပ်ငန်းခန့်မှန်းကုန်ကျငွေ ငွေကျပ်(၁၃၉၁၀၀၀/-)ဖြစ်ပါသည်။

စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ်(ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၀၀၀၀၀၀/- (ငွေသား) • ၃၉၁၀၀၀/- (ငွေသား) • (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	**၁**	**၂**	**၃**	**၄**	**ပေါင်း**
ကျေးရွာအဆင့်	၂၀၈	၂၅၆	**၄၆၄**	၃	၁၅	၅၆	၃၄	**၁၀၈**
အကျိုးခံစားမည့်သူဦးရေ	၂၀၈	၂၅၆	**၄၆၄**	၃	၁၅	၅၆	၃၄	**၁၀၈**
မှတ်ချက်။ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ဆင်းရဲ-၃၊အလွန်ဆင်းရဲ-၄								

စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

(၁)တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂)စီမံချက်စတင်မည့်အချိန် ခန့်မှန်း - ၂၀၁၉ ခုနှစ်၊ မတ်လ
(၃)စီမံချက်ပြီးစီးမည့်အချိန် - ၂၀၁၉ ခုနှစ်၊ မေလကုန်
(၄)ကျေးရွာထည့်ဝင်မှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ် - ကွန်ကရစ်လမ်းခင်းခြင်း (၃၀၀'×၁၆' ×၆") နှင့် ၂× (၉၅၀'× ၂'-၆" ×၆")လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေ (၁၃၉၁၀၀၀၀/-) တွင် ကျေးရွာပြည်သူလူထုမှ ငွေကျပ်(၃၉၁၀၀၀၀/-) ပူးပေါင်းပါဝင် ဆောင်ရွက်ပါမည်။
(၅)လုပ်ငန်းလည်ပတ်ရေးပြေပြင်ထိန်းသိမ်းရေးတို့အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ - ကျေးရွာလူထု အစည်းအဝေးခေါ်ယူပြီးနောက် ကျေးရွာလိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များရေးဆွဲပါမည်။ - ကွန်ကရစ်လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လမ်းအသုံးပြုခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များ ထုတ်ပြန်ပါမည်။ - စီမံကိန်းပြီးလျှင်ပြီးချင်း သက်ဆိုင်ရာဦးစီးဌာနထံသို့ အထောက်အထားများနှင့်အတူတကွ ပြီးစီးကြောင်း အစီရင်ခံပါမည်။

ညောင်ပင်သာကျေးရွာအုပ်စု၊ ဘုံတိုကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကျော်တင်	ဦးစိန်ဖေ	၅/ခဥတ(နိုင်)၀၃၀၁၆၄	၆၂	ဥက္ကဋ္ဌ	၀၉-၄၀၀၄၂၃၀၅
၂	ဦးလှိုင်မျိုးထွန်း	ဦးပို	၅/ခဥတ(နိုင်)၀၈၀၁၀၇	၂၄	အတွင်းရေးမှူး	၀၉-၇၉၇၃၀၀၅၆၃
၃	ဦးမျိုးမင်း	ဦးသိန်းညွှန့်	၅/ခဥတ(နိုင်)၀၃၀၄၈၉	၅၀	ဘဏ္ဍာရေးမှူး	၀၉-၃၃၁၉၃၀၆၃
၄	ဦးမိုးဆွေ	ဦးတွတ်	၅/ခဥတ(နိုင်)၀၅၄၇၇၆	၄၂	စာရင်းကိုင်	-
၅	ဦးမင်းမောင်	ဦးစန်းဝေ	၅/ခဥတ(နိုင်)၀၇၅၉၀၉	၃၁	သော့ကိုင်-၁	-
၆	ဦးထိန်ဝင်း	ဦးကျော်ညွှန်	၅/ခဥတ(နိုင်)၀၂၉၆၂၃	၃၈	သော့ကိုင်-၂	-
၇	ဦးကျော်ဇင်ဝင်း	ဦးသန်းဝင်း	၅/ခဥတ(နိုင်)၀၇၃၄၀၂	၃၇	အဖွဲ့ဝင်	-
၈	ဒေါ်အေးအေးမော်	ဦးတင်ညွှန်	၅/ခဥတ(နိုင်)၀၂၉၈၈၇	၃၂	အဖွဲ့ဝင်	-
၉	ဒေါ်နွယ်နွယ်ဝင်း	ဦးဘိုးကြည်	၅/ခဥတ(နိုင်)၀၅၃၀၁၇	၃၅	အဖွဲ့ဝင်	-
၁၀	ဒေါ်အေးအေးသန်း	ဦးအေး	၅/ခဥတ(နိုင်)၀၅၉၉၂၇	၅၂	အဖွဲ့ဝင်	-
၁၁	ဒေါ်ဝင်းရီ	ဦးကျော်တင်	၅/ခဥတ(နိုင်)၀၅၄၂၁၆	၄၀	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) ချောင်းဦးမြို့နယ်၊ ဘုံတိုကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၅	၈
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၈	၁၃	၂၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၀	၁၈	၃၈
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၉	၁၈	၃၇
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၄၁	၁၆၈	၃၀၉
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၇	၃၄	၅၁
စုစုပေါင်း		**၂၀၈**	**၂၅၆**	**၄၆၄**
စုစုပေါင်း အိမ်ထောင်စု		**၁၀၈**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လူဦးရေစုစုပေါင်း (၄၆၄)ဦးရှိရာ လူဦးရေ (၃၀၉)ဦးမှာ အလုပ်လုပ်ကိုင်နိုင်ကြပြီး၊ လူဦးရေ(၇၅)ဦးမှာ ကျောင်းနေအရွယ် ဖြစ်ကြပြီး၊ ကျန်သော လူဦးရေ(၈၀)ဦးမှာ အလုပ်မလုပ်ကိုင်နိုင်သော သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ဖြစ်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၇၄	၁၆၃	-	မြင့် □ လတ်✔ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၃၄	၇၄	၁၇	မြင့် □ လတ်□ နိမ့် ✔
၂	**တိရစ္ဆာန် မွေးမြူရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၄၆	၄၆	-	မြင့် ☐ လတ်✔ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	-	မြင့် ☐ လတ်✔ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အဝတ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	-	မြင့် ☐ လတ်✔ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄	၄	-	မြင့် ☐ လတ်☐ နိမ့် ✔
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄	၉	–	မြင့် ☐ လတ်✔ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	–	မြင့် ☐ လတ်✔ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	–	–	–	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး ကိုယ်ပိုင်လုပ်ကိုင် နိုင်သော အိမ်ထောင်စု(၇၄)စုရှိပြီး၊ စိုက်ပျိုးရေးလုပ်သား လုပ်ကိုင်သောအိမ်ထောင်စု (၃၄)စုရှိပါသည်။ အခြား ဝင်ငွေရ လုပ်ငန်းများအနေဖြင့် ပန်းရံလုပ်ကိုင်သော အိမ်ထောင်စု(၁)စု၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု(၂)စု နှင့် ပညာရေးဝန်ထမ်း(၉)ဦးနှင့် ကျန်းမာရေးဝန်ထမ်း(၁)ဦးရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား(၃)ချောင်းဦးမြို့နယ်၊ ဘုံတိုကျေးရွာ၏လုပ်ငန်းနှင့်ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၆၀၀၀	၅၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	–	–	–	–
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား	–	–	–	–
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	–	–	–	–
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	–	–	–	–

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားအဖြစ် ဝင်ရောက်လုပ်ကိုင်ပါက တစ်နေ့လျှင် အများဆုံး (၇၀၀၀)ခန့်ကျပ်ရရှိပြီးအနည်းဆုံးဈေး(၅၀၀၀)နှုန်းဖြင့် ဝင်ရောက် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများပြား ပါသည်။ လက်သမား၊ ပန်းရံအဖြစ်လုပ်ကိုင်သူများသည် တစ်နေ့လျှင် (၇၀၀၀)ခန့်ရရှိပြီးကျေးရွာတွင်း သာမက အနီးအနား ကျေးရွာများထိပါ သွားရောက်လုပ်ကိုင်လျက်ရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ–၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ချောင်းဦးမြို့နယ်၊ ဘုံတိုကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	–	ကောင်း ☐	သင့် ☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	–	ကောင်း ☐	သင့် ☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	–	ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၂၂၁.၀၄	ကောင်း ☐	သင့် ✔	ညံ့ ☐
ဓနိတောမြေ	–	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	–	ကောင်း ☐	သင့် ☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
မြေလွတ် မြေလပ်	-	ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	၂၂၁.၀၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စိုက်ပျိုးနိုင်သော မြေဧရိယာများမှာ ကိုင်းကျွန်းမြေ(၂၂၁.၀၄) ဧကဖြစ်သည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ချောင်းဦးမြို့နယ်၊ ဘုံတိုကျေးရွာ၏ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ✔	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊သဲ(✓)၊ ကျောက်စရစ်(✓) စသည်များ	များ ☐ သင့် ✔ နည်း ☐ မရှိ ☐	လွယ် ✔ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ (✓)၊ဆေးဘက်ဝင် အပင်များ)	များ ☐ သင့် ✔ နည်း ☐ မရှိ ☐	လွယ် ✔ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ✔	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏အနီးတဝိုက်(၄)ဖာလုံခန့်တွင် မြစ်သဲနှင့်ကျောက်များ ရရှိနိုင်သော်လည်း သယ်ယူရန်ခက်ခဲ၍ ဝယ်ယူသုံးစွဲရပါသည်။ ကျေးရွာတွင်းရှိ နွားများအတွက်

နွားစာအတွက် ပဲရိုးပဲမှော် ပြောင်းဖူး ရိုးများကို လုံလောက်စွာရရှိနိုင်ပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ချောင်းဦးမြို့နယ်၊ ဘုံတိုကျေးရွာ၏ ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	(၁၀)ဧကနှင့် အထက်	(၅)ဧကနှင့်(၃)ဧကကြား	(၃)ဧကအောက် နှင့် မြေယာမဲ့	မြေယာမဲ့
အိမ်အခြေအနေ	(၂)ထပ်တိုက်	(၁)ထပ်တိုက်/ ပျဉ်ထောင်အိမ်	သွပ်မိုးထရံကာ	ဝါးအိမ်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက်၊ ခြွေလှေ့စက်၊ ဆိုင်ကယ်	လက်တွန်းထွန်စက်၊ ဆိုင်ကယ်၊	စက်ဘီး၊ ဆိုင်ကယ်	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး	စိုက်ပျိုးရေး၊ ရောင်းဝယ်ရေး၊	စိုက်ပျိုးရေး၊ နေ့စားလုပ်သား၊	ကျပန်း
အိမ်ထောင်စု	၃	၁၅	၅၆	၃၄

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၌ အိမ်ထောင်စု(၁၀၈)ရှိရာ အဆင်ပြေသော အိမ်ထောင်စု(၃)%၊အလယ်အလတ်ရှိသောအိမ်ထောင်စု(၁၄)%၊ မပြေလည်သော အိမ်ထောင်စု (၅၁)% နှင့် အလွန်အဆင်မပြေသော အိမ်ထောင်စု(၃၂)% ရှိပါသည်။ မပြေလည်သော အိမ်ထောင်စု(၅၁)%တွင် မြေယာမဲ့များပါဝင်ပြီး စိုက်ပျိုးရေးနေ့စားအလုပ်ဖြင့် အနည်းငယ် အဆင်ပြေကြသူများဖြစ်သည်။ အလွန်မပြေလည်သောအိမ်ထောင်စု (၃၂)%မှာ အများအားဖြင့် ကျပန်းလုပ်သားများဖြစ်သည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချောင်းဦးမြို့နယ်၊ ဘုံတိုကျေးရွာ၏ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀

ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၂	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = (၁၂) လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၁၈	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = (၁၈) လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာခေနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း၌ (၃)လအောက် ဝမ်းစာဖူလုံမှုရှိသော အိမ်ထောင်စု(၁၂)စုမှာ NGO ချေးငွေအဖွဲ့အစည်းများမှ ချေးယူသုံးစွဲကြပြီး၊ (၃)လနှင့်(၆)လ အကြား ဝမ်းစာဖူလုံမှုရှိသော အိမ်ထောင်စု(၁၈)စုမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နှင့် NGO ချေးငွေ အဖွဲ့အစည်းများမှ ချေးယူသုံးစွဲခြင်းဖြင့် မိသားစုစားဝတ်နေရေးအား ဖြေရှင်းကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ချောင်းဦးမြို့နယ်၊ ဘုံတိုကျေးရွာ၏ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၆		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၂		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့်	-		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း အမျိုးသမီးများဦးဆောင်ပြီး ဆင်းရဲသော မိသားစု (၆)စု နှင့် အမျိုးသားဦးဆောင်ပြီးဆင်းရဲသော(မုဆိုးဖို/တစ်ခုလပ်) မိသားစု(၂)စုရှိပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ချောင်းဦးမြို့နယ်၊ ဘုံတိုကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ✔	နိမ့် ☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့် ✔	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ✔	နိမ့် ☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ✔	နိမ့် ☐	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့် ✔	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐ ☐	နိမ့် ✔	မရှိ
၇	ငလျင်	မြင့် ☐ မရှိ ✔	လတ် ☐	နိမ့် ☐	
၈	မီးဘေး	မြင့် ☐	လတ် ☐ ☐	နိမ့် ✔	မရှိ
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ ✔	လတ် ☐	နိမ့် ☐	မရှိ
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု(✓)	မြင့် ☐	လတ် ✔	နိမ့် ☐	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ✔	နိမ့် ☐	မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐ ✔	လတ် ☐	နိမ့် ☐	မရှိ
၁၃	တီဘီရောဂါ	မြင့် ☐ ✔	လတ် ☐	နိမ့် ☐	မရှိ
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ ✔	လတ် ☐	နိမ့် ☐	မရှိ
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ ✔	လတ် ☐	နိမ့် ☐	မရှိ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့် ✔	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နေ့စားလုပ်သားများ (၅၂)%ရှိသောကြောင့် စားနပ်ရိက္ခာမဖူလုံမှု မှာ အလယ်အလတ်အခြေအနေဖြစ်ပါသည်။ စိုက်ပျိုးရေးရေအား နွေ၊မိုး၊ဆောင်း သုံးရာသီလုံး အဝီစိတွင်းများ မှ လုံလောက်စွာရရှိပါသည်။ ရံဖန်ရံခါ မိုးဦးစော၍ မိုးအလွန်ကြီးသောအခါများတွင် ချင်းတွင်းမြစ်ရေ တက်လာ ၍ သီးနှံများရိတ်သိမ်းခွင့်မရသော နှစ်များလည်းရှိပါသည်။ အပူပိုင်းဒေသဖြစ်၍ အအေးလွန်ကဲခြင်း၊ မုန်တိုင်း ဝင်ရောက်ခြင်းများ နည်းပါးပါသည်။ ခေတ်ပေါ်စိုက်ပျိုးရေးပစ္စည်းများ သုံးစွဲခြင်းကြောင့် မြေဆီလွှာများ ပျက်စီးပါသည်။ မွေးမြူထားသော တိရစ္ဆာန်များ ရံဖန်ရံခါ ကူးစက်ရောဂါများကျရောက်တတ်သည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ချောင်းဦးမြို့နယ်၊ ဘုံတိုကျေးရွာ၏ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ✔	လတ် ☐	နိမ့် ☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ✔	နိမ့် ☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ✔	နိမ့် ☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း လူငယ်များသည် ပညာရေးအား ဆက်လက်လေ့လာမှုအားနည်းခြင်း၊ စည်းကမ်းလိုက်နာမှုအားနည်းခြင်း၊ အရက်သေစာသောက်စားခြင်းများရှိပါသည်။ ကျေးရွာအတွင်း၌ အမျိုးသမီးဦး ဆောင်သောဆင်းရဲသည့် အိမ်ထောင်စုမှာ (၆)စု နှင့် အမျိုးသားဦးဆောင်ပြီးဆင်းရဲသော(မုဆိုးဖို/တစ်ခုလပ်) မိသားစု(၂)စု ၊ လက်လုပ်လုပ်စား နေ့စားလုပ်သော အိမ်ထောင်စု(၃၄)စု ရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ချောင်းဦးမြို့နယ်၊ ဘုံတိုကျေးရွာ၏ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရွာဘုံမေတ္တာလူမှုကူညီရေးအသင်း	၁☐ ၂✔ ၃☐	၁၅	၇	၂၂	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ✔ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐	ကောင်း ✔ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၂	မမွေစကြာ	၁☐ ၂☐ ၃✔	-	၁၅	၁၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✔ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✔ သင့် ☐ ညံ့ ☐
၃	ဂေါပကအဖွဲ့	၁☐ ၂☐ ၃✔	၈	-	၈	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✔ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✔ သင့် ☐ ညံ့ ☐
၄	ကျောင်းကော်မတီ	၁☐ ၂✔ ၃☐	၈	၅	၁၃	ပညာရေး ✔ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✔ သင့် ☐ ညံ့ ☐
၅	အရံမီးသတ်တပ်ဖွဲ့	၁☐ ၂✔ ၃☐	၇	-	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ✔	ကောင်း ✔ သင့် ☐ ညံ့ ☐
၆	လျှပ်စစ်မီးလင်းရေး	၁☐ ၂✔ ၃☐	၁၀	-	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✔ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း၌ ပညာရေး၊ ငွေကြေး၊ ကျန်းမာရေး၊ ဘာသာရေး၊ စိုက်ပျိုးမွေးမြူရေး၊ သာရေး/နာရေး ၊လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေး စသည့်ကဏ္ဍအသီးသီး ၌ ကောင်းမွန်သော လူထုအခြေပြုအဖွဲ့အစည်းများ ဖွဲ့စည်းထားနိုင်ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၂) **ချောင်းဦးမြို့နယ်၊ဘုံတို ကျေးရွာ၏**ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	Pact Myanmar	၁☐ ၂✔ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ✔ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ✔ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	Proximity	၁☐ ၂✔ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ✔ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ✔ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့် ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ - ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (**ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင်

စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှာ (၂)ဖွဲ့ရှိပါသည်။ Pact Myanmar၊ Proximity စသည့်အဖွဲ့အစည်းများမှ ကျေးရွာလူထု၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများအတွက် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများကို ထုတ်ချေးပေးလျက်ရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ချောင်းဦးမြို့နယ်၊ ဘုံတိုကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၃၄	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၃၈	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၁	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၄	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၁	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၀၈	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာမရှိသော အိမ်ထောင်စု(၃၄)စု ၊ ၂.၅ ဧကအောက် ပိုင်ဆိုင်သော အိမ်ထောင်စု(၃၈)စု၊ ၂.၅ ဧကမှ ၅ ဧက ကြား ပိုင်ဆိုင်သော အိမ်ထောင်စု(၂၁)စု ၊ ၅ ဧကမှ ၁၂.၅ ဧက ကြား ပိုင်ဆိုင်သော အိမ်ထောင်စု(၁၄)စု ၊ ၁၂.၅ ဧက အထက် ပိုင်ဆိုင်သော အိမ်ထောင်စု(၁)စု တို့ဖြစ်ကြသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ချောင်းဦးမြို့နယ်၊ ဘုံတိုကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ✔	ရှိ□ မရှိ□ မဖြေဆိုပါ □

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ✔	ရှိ□ မရှိ□ မဖြေဆိုပါ □
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ✔	ရှိ□ မရှိ□ မဖြေဆိုပါ □
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ✔	ရှိ□ မရှိ□ မဖြေဆိုပါ □
၅	အဝီစိတွင်း	၂၂၁.၀၄	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်✔ မဖြေဆိုပါ□	ရှိ✔ မရှိ□ မဖြေဆိုပါ □
၆	လက်ငင်းရေတွင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ✔	ရှိ□ မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ✔	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ✔	ရှိ□ မရှိ□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နွေမိုး၊ဆောင်း သုံးရာသီလုံး အဝီစိရေတွင်းများသာ အသုံးပြု၍ (၂၂၁.၀၄)ဧက ရှိသော ကိုင်းကျွန်းမြေများကို ရေသွင်းစိုက်ပျိုးရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) ချောင်းဦးမြို့နယ်၊ ဘုံတိုကျေးရွာ၏ အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
CP ပြောင်းဖူး	၁၅၁.၅၄	တင်း	၄၀	၁၁၀	၆၅	၁	၄	မြင့်□ လတ်✔ နိမ့်□	မြင့်□ လတ်✔ နိမ့်□
ပဲကြား	၁၀.၂	တင်း	၁၀	၂၅	၁၄	၁	၄	မြင့်□ လတ်✔ နိမ့်□	မြင့်□ လတ်✔ နိမ့်□
ကုလားပဲ	၃၅.၅	တင်း	၁၀	၃၀	၁၅	၁	၄	မြင့်□ လတ်✔ နိမ့်□	မြင့်□ လတ်✔ နိမ့်□

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
မြေပဲ	၅.၅	တင်း	၂၀	၆၀	၄၀	၁	၄	မြင့်□ လတ်✔ နိမ့်□	မြင့်□ လတ်✔ နိမ့်□
ခရမ်းချဉ်	၃၅.၅	ဝိဿာ	၁၀၀၀	၅၀၀၀	၃၀၀၀	၁	၃	မြင့်□ လတ်✔ နိမ့်□	မြင့်□ လတ်✔ နိမ့်□
ငရုတ်သီး	၃၀	ဝိဿာ	၁၀၀၀	၈၀၀၀	၄၀၀၀	၁	၃	မြင့်□ လတ်✔ နိမ့်□	မြင့်□ လတ်✔ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ CPပြောင်းဖူးစိုက်တောင်သူများမှာ သွင်းအားစုဖြစ်သော ပုံဝိုးပစ္စည်းများ အသုံးပြုရသော်လည်း ဈေးနှုန်းမှန်ကန်စွာမရောင်းချနိုင်သောကြောင့် အမြတ်ရရှိနိုင်မှု နည်းပါးပါသည်။ ပဲကြားစိုက်တောင်သူများမှာသွင်းအားစုဖြစ်သောပုံဝိုးပစ္စည်းများ အသုံးပြုရသော်လည်းအထွက်နှုန်း နည်းပြီး ဈေးနှုန်းမှန်ကန်စွာမရောင်းချနိုင်သောကြောင့် အမြတ်ရရှိနိုင်မှု အလွန်နည်းပါးပါသည်။ ကုလားပဲ စိုက်တောင်သူများမှာ သွင်းအားစုဖြစ်သော ပုံဝိုးပစ္စည်းများ များပြားပြီး ဈေးကောင်းမီသောကြောင့် အမြတ်ငွေ အသင့်အတင့်ရရှိပါသည်။ မြေပဲ စိုက်တောင်သူများမှာ သွင်းအားစုဖြစ်သော ပုံဝိုးပစ္စည်းများ အနည်းငယ်သုံးစွဲရပြီး အထွက်နည်းသောကြောင့် အမြတ်ငွေအသင့်အတင့်ရရှိပါသည်။ ငရုတ်နှင့်ခရမ်းချဉ် စိုက်တောင်သူများမှာ သွင်းအားစုဖြစ်သော ပုံဝိုးပစ္စည်းများ သုံးစွဲရပြီး ဈေးကွက်မတည်ငြိမ်မှုကြောင့် အမြတ်ငွေနည်းပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ချောင်းဦးမြို့နယ်၊ ဘုံတိုကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၁	-	-	၇၃
လက်တွန်းထွန်စက်	၂၃	-	-	၅၂
အစေ့ချ ကိရိယာ	၄	-	-	၁၀
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	၇	-	-	၄၅
ရေစုပ်စက်	၈၆	-	-	၁၃
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	၄	-	-	၇

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း၌ လယ်ယာသုံးစက်ပစ္စည်းပိုင်ဆိုင်မှုများ(၁၂၆)ခုသာ ရှိပြီး ငှားရမ်း လုပ်ကိုင်သူများကြောင်းတွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၇)ချောင်ဦးမြို့နယ်၊ ဘုံတိုကျေးရွာ၏သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**အလွန်ကောင်း□ ကောင်း□ သင်တင့်မျှတ✔**
လယ်ယာမြေ အသုံးချနိုင်မှု	**အလွန်ကောင်း□ ကောင်း□ သင်တင့်မျှတ✔**
စိုက်ပျိုးရေ အရင်းအမြစ်	**ပေါများ □ သင်တင့်ရှိ✔**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည် □ ရသည် ✔ မဖြေဆိုပါ □**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် □ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ✔ မဖြေဆိုပါ □**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည် □ မဖြေဆိုပါ ✔**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည် ✔ မဖြေဆိုပါ □**
လုပ်သားရရှိနိုင်မှု	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ရနိုင်သည် ✔ မဖြေဆိုပါ □**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူ ရနိုင်သည်□ ရနိုင်သည်✔ မဖြေဆိုပါ □**
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် □**

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
